Myanmar Peace Monitor

# Weekly News Review

Issue 110, 21 - 27 June 2023



# မြန်မာ့နွေဦးတော်လှန်ရေးနှင့် အိန္ဒိယဗဟိုအစိုးရ အခန်းကဏ္ဍ

# မြန်မာ့နွေဦးတော်လှန်ရေးနှင့် အိန္ဒိယဗဟိုအစိုးရ အခန်းကဏ္ဍ

## နိဒါန်း

"အိန္ဒိယဟာ ဒီမိုကရေစီရဲ့ မိခင်ပါ"။

ဇူလိုင် ၂၃ ရက်နေ့၊ အမေရိကန်ကွန်ဂရက်တွင် ဝန်ကြီးချုပ်နာရင်ဒရာမိုဒီက အထက်ပါအတိုင်း ဝင့်ဝင့်ကြွားကြွား ပြောဆိုသွားခဲ့သည်။ ၎င်း၏ မိန့်ခွန်းအား နားစွင့်နေကြသည့် လွှတ်တော်အမတ်များကလည်း လက်ခုပ်သံများဖြင့် ဩဘာပေးခဲ့ကြပါသည်။

သို့သော် ဝန်ကြီးချုပ်မိုဒီဦးဆောင်သည့် အိန္ဒိယဗဟိုအစိုးရသည် ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေးနှင့် စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေး ဟစ်ကြွေးတိုက်ပွဲဝင်နေကြသည့် မြန်မာ့နွေဦးတော်လှန်ရေး (ဝါ) မြန်မာပြည်သူလူထု၏ တောင်းဆိုသံများကို လစ်လျူရှုထားပြီး အာဏာသိမ်းစစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် စစ်အုပ်စုနှင့် ဖက်လဲတကင်းဆက်ဆံနေသည်ကို တွေ့ရပါသည်။

ယခုတစ်ပတ် BNI-Myanmar Peace Monitor ၏ အပတ်စဉ် သတင်းသုံးသပ်ချက်တွင် မြန်မာ့နွေဦးတော်လှန်ရေးနှင့် အိန္ဒိယဗဟိုအစိုးရ၏ အခန်းကဏ္ဍကို ချဉ်းကပ်လေ့လာတင်ပြသွားပါမည်။

# အာဏာသိမ်းစစ်အုပ်စုအား အိန္ဒိယက ထောက်ပံ့ပေးနေသလား

ဒီမိုကရေစီ၏ မိခင်နိုင်ငံဟု ဝင့်ကြွားလျက်ရှိသော အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် နယ်နမိတ်ထိစပ်မှုအရှည် မိုင် ၁၀၁၀ နီးပါး(ကီလိုမီတာ ၁၆၄၃) ရှိသည်။ အိန္ဒိယနိုင်ငံအတွင်းရှိ မီဇိုရမ်၊ မဏိပူ၊ နာဂလန်းနှင့် အရှုနာချေပရာဒက် အမည်ရှိ ပြည်နယ်များနှင့် မြန်မာနိုင်ငံအတွင်းရှိ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်တို့သည် နယ်နမိတ်ချင်း ထိစပ်လျက်ရှိသည်။

အိန္ဒိယပြည်ပတင်ပို့မှုမှတ်တမ်းများအရ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၃ ခုနှစ်၊ ဧပြီလအထိ ခြောက်လတာအတွင်း အိန္ဒိယအစိုးရပိုင် လက်နက်ကုမ္ပဏီတစ်ခုဖြစ်သည့် Bharat Electronics Limited (BEL) သည် မြန်မာအာဏာသိမ်းစစ်အုပ်စုထံ အမေရိကန်ဒေါ်လာ ၅ သန်းကျော်ဖိုးရှိ စစ်ဘက်သုံးကုန်ပစ္စည်းများ၊ နည်းပညာနှင့် နည်းပညာဆိုင်ရာစာရွက်စာတမ်းများ ပါဝင်နေကြောင်း Justice For Myanmar က ဇွန်လ ၂၄ ရက်တွင် ထုတ်ပြန်ထားသည်။ (BEL ကို အိန္ဒိယအစိုးရက ၅၁ ဒသမ ၁၄ ရာခိုင်နှုန်း ပိုင်ဆိုင်ထားပြီး ကျန်အစုရှယ်ယာရှင်များအဖြစ် Nippon Life India Asset Management ၊ Goldman Sachs ၊ Vanguard၊ BlackRock ၊ Fidelity ၊ Canadian Pension Plan ၊ California Public Employees' Retirement System၊ California State Teachers Retirement System ၊ Caisse de Depot et Placement du Quebec၊ Swedish ပင်စင်ရန်ပုံငွေအဖွဲ့၊ AP-fonden (AP1) ၊ Andra AP-fonden (AP2) နှင့် Sjunde AP-fonden (AP7) တို့ ပါဝင်နေပါသည်) [1]

ထို့ပြင် ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်းတွင်လည်း ၁၂၂ မမ ဟောင်ဝစ်ဇာ (Howitzers) အမြောက်သုံးအစိတ်အပိုင်းများအား အိန္ဒိယနိုင်ငံပိုင် ကုမ္ပဏီတစ်ခုဖြစ်သည့် Yantra India Limited က မြန်မာအာဏာသိမ်း စစ်ကောင်စီထံ တင်ပို့ရောင်းချခဲ့ကြောင်း သိရပါသည်။ အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျတို့အနေဖြင့် ၎င်းတို့နှင့်အတူ The Quad (Quadriateral Security Dialogue)တွင် ပါဝင်သော အိန္ဒိယအစိုးရအား မြန်မာအာဏာသိမ်းစစ်အုပ်စုထံ စစ်လက်နက်ပစ္စည်းများ ရောင်းချထောက်ပံ့နေခြင်းအား ရပ်တန့်ပေးရန် တောင်းဆိုမှုများ ရှိခဲ့သည်။ [2]

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးအပတ်တွင်တော့ အိန္ဒိယ-မြန်မာနယ်စပ်၊ စစ်ကိုင်းတိုင်း တမူးမြို့မှတဆင့် ကလေး-တမူးလမ်းအတိုင်း စစ်လက်နက်များ သယ်ဆောင်လာသော အာဏာသိမ်းစစ်ကောင်စီ၏ စစ်ကား ၁၃ စီး၊ အင်အား ၁၀၀ကျော် ပါဝင်သည့် ယာဉ်တန်းအား ဒေသခံကာကွယ်ရေးတပ်ဖွဲ့များက ပူးပေါင်းတိုက်ခိုက်ခဲ့ပါသည်။

1 အိန္ဒိယအစိုးရပိုင်လက်နက်ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဧပြီလအထိ ၆ လတာကာလအတွင်း မြန်မာစစ်အုပ်စုကို ဒေါ်လာ ၅ သန်းကျော်တန်ဖိုးရှိ စစ်လက်နက်ပစ္စည်းတွေတင်ပို့ပြီး အကြမ်းဖက်စစ်ဆင်ရေးကို ပံ့ပိုးကူညီခဲ့ http://rb.gy/x49sh

2 အိန္ဒိယက မြန်မာစစ်တပ်ကို စစ်လက်နက်ပစ္စည်းများ တင်ပို့ရောင်းချနေ http://rb.gy/zzc21

ဒေသခံကာကွယ်ရေးအဖွဲ့များဘက်ကလက်နက်ကြီးများ၊ အဝေးထိန်းမောင်းသူမဲ့ ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ကြိုတင်ထောင်ထားသည့် မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကာ စစ်ကောင်စီဘက်မှ ထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း တိုက်ခိုက်မှုတွင် ပါဝင်သည့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့တစ်ခုဖြစ်သော Pe ople Defence Force (PDF-ကလေး)က ထုတ်ပြန်ပါသည်။

ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးကတော့ ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ ပြောဆိုထုတ်ပြန်သကဲ့သို့ မြန်မာအာဏာသိမ်းစစ်တပ်အား လက်နက်ခဲယမ်းထောက်ပံ့မှုမရှိကြောင်း Myanmar Now သတင်းဌာနကို အကြောင်းပြန် ငြင်းဆိုခဲ့သည်။ အဆိုပါယာဉ်တန်းတိုက်ခိုက်မှုကို PDF - ကလေးတပ်ရင်းများ၊ ညီညွတ်သော မြောက်ပိုင်းမဟာမိတ်ညီနောင်များအဖွဲ့ (Harmonious Northern Brotherhood)အဖွဲ့ ၊ RKDF ၊ KL – UGF S2 ၊ ဒေါင်းသွေးရာဇာ၊ မြောက်ပိုင်း ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ) အပါအဝင် ဒေသခံကာကွယ်ရေးအဖွဲ့များက ပူးပေါင်းတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ [3]

## နွေဦးတော်လှန်ရေးနှင့် အိန္ဒိယဗဟိုအစိုးရအခန်းကဏ္ဍ

မြန်မာနိုင်ငံ၊ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများသည် အိန္ဒိယနိုင်ငံအတွင်း ရှေးပဝေဏီကပင် အပြန်အလှန် ကူးလူးသွားလာဆက်ဆံနေကြခြင်း ဖြစ်သည်။ နယ်စပ်ချောင်းကလေးတစ်ခုသာခြားသည့် နှစ်ဘက်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများသည် အချင်းချင်းခင်မင်ရင်းနှီးကြသည်။ ရိုင်းပင်းကူညီကြသည်။ "တံခါးမရှိ၊ ဓားမရှိ" ဝင်ထွက်သွားနေကြလေ့ရှိသည်။

မြန်မာ့နွေဦးတော်လှန်ရေးကာလအတွင်းတော့ စစ်အာဏာသိမ်းမှုအား ဆန့်ကျင်သော အကြမ်းမဖက်ပြည်သူ့ အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)တွင် ပါဝင်သော နိုင်ငံဝန်ထမ်းများ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ရွေးကောက်ခံလွှတ်တော်အမတ်များနှင့် တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရသည့် ဒေသခံပြည်သူပေါင်း ၆၀၀၀ ကျော် အထိ မီဇိုရမ်ပြည်နယ်အတွင်း ဝင်ရောက်တိမ်းရှောင်ခိုလှုံနေခဲ့ကြရကြောင်း မီဇိုရမ်ပြည်နယ်အတွင်း စစ်ရှောင်ပြည်သူများအား ကူညီပေးနေသူများကဆိုပါသည်။ စစ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဒေသခံပြည်သူများအတွက်မူ မြေပြင်တိုက်ပွဲအခြေအနေပေါ်မူတည်ကာ နေရပ်ပြန်ဝင်လိုက်၊ ပြန်ပြေးလာလိုက် ပြုမူနေရပြီး အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်ချိန်များတွင် ခရိုင် (၁၁) ခုရှိရာ မီဇိုရမ်ပြည်နယ်အတွင်း အလုံးအရင်းဖြင့် ပြေးဝင်လာလေ့ရှိသည်ဟုလည်း ဆိုပါသည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးကမူ ၎င်းတို့၏ မီဇိုရမ်ပြည်နယ်နှင့် မဏိပူရ်ပြည်နယ်အတွင်း မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်လာသူ အရပ်သားပြည်သူ ၅၀၀၀ ကျော်အထိ

3 အိန္ဒိယ-မြန်မာနယ်စပ် လက်နက်သယ်လာသည့် စစ်ယာဉ်တန်းကို ကာကွယ်ရေးအဖွဲ့များ တိုက်ခိုက် http://rb.gy/y5rvw

ရှိပြီး ဒေသဆိုင်ရာလူမှုအဖွဲ့အစည်းများနှင့် ဒေသအာဏာပိုင်များက လက်ခံပေးထားသည်ဟု သတင်းမီဒီယာကို ပြောဆိုထားပါသည်။

၂၀၂၃ ခုနှစ် မတ်လ ၉ ရက်၊ ၅၂ ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အစည်းအဝေးတွင် တင်ပြခဲ့သော မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်တွမ်အင်ဒရူး (Tom Andrews) ၏ အစီခံစာတွင်တော့ မြန်မာနိုင်ငံအတွင်း အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်လာကြသော မြန်မာနိုင်ငံမှ ဒုက္ခသည်ပြည်သူများကိုတားဆီးရန် အိန္ဒိယ ဗဟိုအစိုးရက နည်းလမ်းရှာကြံနေကြောင်းနှင့် ဒုက္ခသည်ပြည်သူများအား ပြန်လည်နှင်ထုတ်မှုများ ရှိနေကြောင်း အပြစ်တင်ထားပါသည်။[4]

စစ်ကိုင်းတိုင်း ကလေးမြို့နယ်တဘက်ခြမ်းရှိ မဏိပူရ်ပြည်နယ် မိုးရေးမြို့နယ် နယ်စပ်တလျှောက် ကျေးရွာပေါင်း ၁၇ ရွာတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများအတွင်း ဒေသအာဏာပိုင်များမှ အထူးကွန်မန်ဒိုတပ်သားများဖြင့် တစ်အိမ်တက်ဆင်း လိုက်လံဖမ်းဆီးခဲ့သဖြင့် နယ်စပ်တလျှောက် ခိုလှုံနေကြရသည့် မြန်မာ စစ်ဘေးရှောင်ပြည်သူ ၁၇၀ ကျော် ဖမ်းဆီးခံခဲ့ရပါသည်။ [5]

အိန္ဒိယဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရအကြား စစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသော မြန်မာစစ်ဘေးရှောင်ပြည်သူများအတွက် လုံခြုံမှုနှင့် အကာအကွယ်ပေးမှုသည် မေးခွန်းထုတ်ဖွယ်ဖြစ်နေဆဲဟု ဆိုရမည်ဖြစ်ပြီး အိန္ဒိယဗဟိုအစိုးရနှင့် မြန်မာအာဏာသိမ်းစစ်ကောင်စီအကြား ထိတွေ့ဆက်ဆံမှုများသည်လည်း မကြာခဏဆိုသလို ရုပ်လုံးပေါ်လာနေသည်ကို တွေ့ရသည်။

၂၀၂၃ ခုနှစ် ဧပြီ ၂၄ ရက်နေ့ နယူးဒေလီမြို့တွင် “Track 1.5” အမည်ရှိ မြန်မာ့အရေးအတွက် လျှို့ဝှက်အစည်းအဝေးတစ်ခုကို အိန္ဒိယဗဟိုအစိုးရက ဦးဆောင်ပြုလုပ်ခဲ့သည်။ မြန်မာအာဏာသိမ်းစစ်ကောင်စီအဖွဲ့ဝင်တချို့ကို ဖိတ်ကြားပြီး တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် အာဆီယံလက်ရှိဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။ အာဏာသိမ်းစစ်အုပ်စု၏ ကိုယ်စားလှယ်များကိုသာ အဓိကဖိတ်ကြားဆွေးနွေးခြင်းဖြစ်ပြီး စစ်အာဏာသိမ်းမှုအား ဆန့်ကျင်သော၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်လျှောက်လှမ်းနေကြသော အမျိုးသားညီညွတ်ရေးအစိုးရ(NUG)အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုများအား ဖယ်ကြဉ်ထားသည့်အတွက် ၎င်း “Track 1.5”အား ဝေဖန်ရှုတ်ချမှုများ ရှိနေပါသည်။

မြန်မာနိုင်ငံရှိ အိန္ဒိယသူပုန်များကဲ့သို့ နယ်စပ်ကိစ္စရပ်များနှင့် စီးပွားရေးဆိုင်ရာအကျိုးစီးပွားများကြောင့် မြန်မာအာဏာသိမ်းစစ်ကောင်စီနှင့် ဆက်ဆံမှုကို ရှောင်လွှဲ၍ မရနိုင်ကြောင်း အိန္ဒိယဗဟိုအစိုးရက ယုံကြည်နေဟန်ရှိပါသည်။ “ဒီမိုကရေစီ၏ မိခင်” နိုင်ငံဟုဟစ်ကြွေးနေသော ဝန်ကြီးချုပ်မိုဒီ၏ အိန္ဒိယဗဟိုအစိုးရသည် မြန်မာစစ်အာဏာရှင်

4 ကုလအထူးကိုယ်စားလှယ် အစီရင်ခံစာကို အိန္ဒိယ တုံ့ပြန် http://rb.gy/6s9nc

5 မဏိပူရ်ရောက် မြန်မာဒုက္ခသည်တွေ ဆက်လက်ဖမ်းဆီးခံနေရ http://rb.gy/j98sf

အား ဖယ်ကြဉ်ဖိအားပေးဆက်ဆံနိုင်ဖို့အတွက်မူ အားအင်ဆုတ်ရုပ်နေဆဲဖြစ်သည်ဟု ရှုမြင်နိုင်ပါသည်။

## တွေ့ရှိသုံးသပ်ချက်

ဇွန်လ ၂၂ ရက်နေ့၊ အမေရိကန်ပြည်ထောင်စု၊ အိမ်ဖြူတော်တွင် သမ္မတဂျိုးဘိုင်ဒန်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီတို့၏ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် အချက် (၅၈) ချက်ပါ ပူးတွဲထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက်၏ အပိုဒ် (၃၁)မြောက်တွင်တော့ မြန်မာနိုင်ငံအတွင်း ပျက်စီးယိုယွင်းလာသော အခြေအနေများနှင့် ပတ်သတ်ပြီး အလွန်စိုးရိမ်ကြောင်းပါဝင်ပြီး မတရားဖမ်းဆီးခံထားရသူများ အားလုံးကို လွှတ်ပေးရေး၊ အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုများထူထောင်ရေးနှင့် အားလုံးပါဝင်သော ဖက်ဒရယ်ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေးတို့ကို တောင်းဆိုထားသည်ကို တွေ့ရသည်။[6]



ကမ္ဘာ့လူဦးရေ ဒုတိယအများဆုံးနိုင်ငံဖြစ်သော အိန္ဒိယတွင် ဗဟိုအစိုးရ၏ အုပ်ချုပ်မှုအာဏာသည် ပိုမိုများပြား ပြင်းထန်သည်။ နိုင်ငံတကာရေးရာနှင့် ပြည်ပရေးရာကိစ္စရပ်အများစုကို ပြည်နယ်အစိုးရများတွင် လုပ်ပိုင်ခွင့်မရှိပေ။ ဥပမာ - မီဇိုရမ်ပြည်နယ် အစိုးရအနေဖြင့် မျိုးနွယ်တူတိုင်းရင်းသားအချင်းချင်း လူသားချင်းစာနာထောက်ထားမှုဖြင့် မြန်မာနိုင်ငံအတွင်းမှ ထွက်ပြေးခိုလှုံလာသူများအား လက်ခံခြင်း၊ ရိုင်းပင်ကူညီစောင့်ရှောက်ခြင်းတို့ကို စီမံဆောင်ရွက်ပေးနေသည့်တိုင် ဝန်ကြီးချုပ်မိုဒီဦးဆောင်သည့် ဗဟိုအစိုးရ၏ မူဝါဒနှင့် ဖိအားပေးမှုကိုတော့ ရှောင်လွှဲနိုင်လိမ့်မည်မဟုတ်ချေ။

---

6 Joint Statement from the United States and India http://rb.gy/65d2p

> အာဏာသိမ်းစစ်အုပ်စု၏ မီးရှို့ဖျက်ဆီးမှုများ၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် မြန်မာနိုင်ငံအတွင်း ဒုက္ခသည်ပြည်သူပေါင်း ၁ ဒသမ ၇ သန်း ကျော်လာပြီဖြစ်သည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနက် အင်အားအကြီးဆုံး ဖက်ဒရယ်စနစ်ကို အခြေခံသော ဒီမိုကရေစီနိုင်ငံဖြစ်သည်။ ယခုနှစ် နိုဝင်ဘာလလယ်အထိ အမေရိကန်၊ ယူကေ၊ အီးယူ၊ ပြင်သစ်၊ ကနေဒါ၊ အင်ဒိုနီးရှား၊ တရုတ်၊ ရုရှားစသော နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (G20)၏ ဥက္ကဋ္ဌအဖြစ် အိန္ဒိယဝန်ကြီးချုပ်နာရင်ဒရာမိုဒီက တာဝန်ယူထားရသည်။ ထို့အပြင် ၎င်း၏ နိုင်ငံရေးကြေညာစာတမ်းအဖြစ်လည်း "India-The Mother Of Democracy"ဟု ကြေညာထားသည်။ ထိုသို့ ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံရှိသော နိုင်ငံများအစုအဖွဲ့ကို ဦးဆောင်ရသူ၊ "ဒီမိုကရေစီ၏ မိခင်" ဟု ကမ္ဘာပတ်ဟစ်ကြွေးနေသော ဝန်ကြီးချုပ်မိုဒီ၏ အိန္ဒိယဗဟိုအစိုးရသည် မြန်မာ့နွေဦးတော်လှန်ရေးအတွက်၊ အထူးသဖြင့် စစ်အာဏာသိမ်းမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာပြည်သူလူထုအတွက် မျှော်လင့်ချင်စရာ ဖြစ်နေပါသည်။

၂ နှစ်ကျော်လာသည့် စစ်အာဏာသိမ်းကာလအတွင်း အပြန့်ကျယ်လာသည့် ပြည်တွင်းစစ်နှင့် အာဏာသိမ်းစစ်အုပ်စု၏ မီးရှို့ဖျက်ဆီးမှုများ၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် မြန်မာနိုင်ငံအတွင်း ဒုက္ခသည်ပြည်သူပေါင်း ၁ ဒသမ ၇ သန်းကျော်လာပြီဖြစ်သည်။[7] အဆိုပါဒုက္ခသည်ပြည်သူများအတွက် နိုင်ငံတကာလူသားချင်းစာနာ ထောက်ထားမှုအကူအညီများသည် အလှမ်းဝေးလျက်ရှိပြီးလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ရင်ဆိုင်ကြုံတွေ့နေရသည်။ ထိုအတွက် မိုင်ပေါင်း ၁၀၀၀ နီးပါး နယ်နမိတ်ထိစပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ကူညီထောက်ပံ့နိုင်မှုသည် ကြီးမားသည့်အထောက်အပံ့တစ်ခုဖြစ်နေပြီး မြန်မာပြည်သူလူထုရင်ဆိုင်ကြုံတွေ့နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအား ဖြေရှင်းနိုင်မည့် အခွင့်အလမ်းတစ်ရပ် ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားကာ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများကိုလည်း အိန္ဒိယ-မြန်မာနယ်စပ်တလျှောက်တွင် ထပ်မံမကြုံတွေ့ရစေရေးအတွက်လည်း အိန္ဒိယဗဟိုအစိုးရအနေဖြင့် ချဉ်းကပ်အဖြေရှာသင့်ပြီဖြစ်သည်။ နယ်စပ်လုံခြုံရေးနှင့် နိုင်ငံအကျိုးစီးပွားကို ရှေ့တန်းတင်ချဉ်းကပ်နေသော အိန္ဒိယဗဟိုအစိုးရ၏ စဉ်းစားချက်များသည် မမှန်ဟု မဆိုနိုင်သော်လည်း လက်တွေ့လုပ်ဆောင်ချက်များကမူ မြန်မာအာဏာသိမ်းစစ်အုပ်စုအတွက် အထောက်အပံ့မဖြစ်စေရေးအတွက် သတိထားကိုင်တွယ်ရန်လိုအပ်ပါသည်။

စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်လျှောက်လှမ်းနေကြသော မြန်မာ့နွေဦးတော်လှန်ရေး (ဝါ) မြန်မာပြည်သူလူထု၏ တော်လှန်ရေးအတွက် "ဒီမိုကရေစီရဲ့ မိခင်နိုင်ငံပါ"ဆိုသော အိန္ဒိယဗဟိုအစိုးရ၏ ရှေ့လုပ်ငန်းစဉ်များက မည်သို့အကျိုးပြုနိုင်မလဲဆိုသည်ကို မျက်ခြည်နမပျက် စောင့်ကြည့်နေကြပြီဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

---

7 Internally Displaced Persons Situation in Myanmar (Feb 2021 – Current) http://rb.gy/lfecn

# Weekly Highlight Quotes



"

အခုချိန်မှာ ကျမကို ညည်းဘာဖြစ်ချင်လဲလို့မေးရင် အဲ့ဒီပစ်သွားသူ (ရဟတ်ယာဉ်နဲ့ ဗုံးကြဲသွားသူ)ရဲ့ မျက်နှာကို မြင်ချင်တယ်။ ဒီလိုလုပ်သွားတဲ့အခြေအနေတွေမှာ ဘယ်လိုများနေလဲပေါ့။ လူစိတ်များရှိလားလို့ မေးချင်တယ်။ မြန်မာလူမျိုးများဟုတ်သလားပေါ့၊ သူ့မှာမိသားစုများမရှိလို့ ဒီလိုများလုပ်တာလားဆိုပြီး အဲ့ဒီလူကို မေးချင်တာ တွေ ရင်ထဲမှာ အများကြီးပဲ ရှိတယ်။

ဒီလိုအဖြစ်ဆိုးမျိုးကတော့ ဘယ်ဆီမှကို မကြုံပါရစေနဲ့လို့ ဆုတောင်းတယ်။ ဆုတောင်းသာ ဆုတောင်းနေရတယ် ကိုယ့်ကိုကိုယ်လည်း ဘယ်အချိန် ဘာဖြစ်မလဲဆိုတဲ့ စိတ်ကြီးကတော့ အမြဲတမ်းတွေးနေရတယ် နေ့ရော ညရော။ ဒါက ကျမတယောက်ထဲ မဟုတ်ပါဘူး။ ဒီဖြစ်စဉ်ကို ကြုံလိုက်ရတဲ့ တရွာလုံးလိုလို တွေးနေကြရတာပါပဲ။ ကလေးနဲ့မို့လို့သာ ကိုယ့်စိတ်ကို ဖြေနေရတယ်။ တခါတလေ သေသွားရင်အေးမလားဆိုတဲ့ စိတ်ကတော့ အမြဲတမ်း တွေးမိတယ်

"

**မမို့မို့**


ပဇီကြီးရွာ လေကြောင်းတိုက်ခိုက်ခံရမှုအတွင်း အသက်ဘေးမှ လွတ်မြောက်ခဲ့သူ

*(BNI-MPM တွင် ဖော်ပြထားသော "ပဇီကြီးရွာ လေကြောင်းတိုက်ခိုက်ခံရမှုအတွင်း အသက်ဘေးမှလွတ်မြောက်ခဲ့သူ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးနှင့် အမေးအဖြေ" မှ ကောက်နှုတ်ဖော်ပြပါသည်)*

# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ဇွန်လ ၂၁ ရက်မှ ၂၇ ရက် တစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၅ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၅ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မှု ယခုထက်ပိုမို များပြားနိုင်ပါသည်။




**၁၅ ရက်**


တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း



# စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု

၂၁ - ၂၇ ဇွန် ၂၀၂၃










စုစုပေါင်း
တိုက်ပွဲအရေအတွက်
၅ ရက်


# စစ်ကိုင်း

မုံရွာ၊ စစ်ကိုင်း၊ ကလေးနှင့် ဝက်လက်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDFတို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၅ဦးသေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁၃ ဦး ကျဆုံးခဲ့သည်။ ထို့အပြင်ဝက်လက်နှင့်စစ်ကိုင်းမြို့နယ်များတွင် စစ်ကောင်စီတပ် မိုင်း၊ ဒရုန်းဖြင့်တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၁၃ ဦးသေဆုံးခဲ့သည်။ စစ်ကိုင်းနှင့်မြောင်မြို့နယ်များတွင်စစ်ကောင်စီတပ်ပစ်ခတ်မှုကြောင့်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၆ ဦး သေဆုံးခဲ့သည်။ အလားတူ စစ်ကောင်စီတပ်ပစ်ခတ်မှုကြောင့် ကလေး၊ ဝက်လက်နှင့် ခင်ဦးမြို့နယ်များမှဒေသခံပြည်သူ ၆ ဦး သေဆုံး ခဲ့သည်။ ထို့အပြင် ဇွန်လ ၂၅ ရက်နေ့က စစ်ကောင်စီတပ် စစ်ကြောင်းထိုးလာသောကြောင့် ကလေးမြို့နယ်၊ သာစည်ကျေးရွာမှ ဒေသခံ ပြည်သူ ၃၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၀ - ၀
၀ - ၁
၁ - ၂





စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ ရက်



တိုက်ပွဲဖြစ်ပွားမှု
ရက်ပေါင်း


၀ - ၀
၀ - ၁




# ကချင်

ဇွန်လ ၂၆ ရက်နေ့က ဗိုင်းမော်မြို့နယ်၊ ဆဒုံးရေတံခွန်ပတ်ဝန်းကျင်မှာ စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင် ဇွန်လ ၂၁ ရက်နေ့က ဖားကန့်မြို့၊ ဆိုင်းတောင် ရပ်ကွက် (၃) ရှိ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တိုက်နယ်ရုံးကို စစ်ကောင်စီတပ်က ဝင်ရောက်ပစ်ခတ်ခဲ့ရာ ပြည်သူ ၃ ဦး သေဆုံးခဲ့သည်။







## မကွေးတိုင်း

ထီးလင်း နှင့် ဆိပ်ဖြူမြို့နယ်များတွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၂၅ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဖွန်လ ၂၁ ရက်နေ့က မင်းဘူးမြို့၊ ထောက်ရှာပင်ကျေးရွာအုပ်စု၊ ရွှေတပင်ကျေးရွာက မူခင်းသတင်းထောက် ဦးမင်းသူလှိုင်ဆိုသူသည် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။








## မန္တလေး

ဇွန်လ ၂၄ ရက်နေ့က ငါန်းဇွန်မြို့နယ်၊ ငါန်းမြာရဲစခန်းကို ဒေသကာကွယ်ရေးပြောက်ကျားတပ်ဖွဲ့များပူးပေါင်းပြီး ဒရုန်းဖြင့် ပုံးကြဲတိုက်ခိုက်ရာ စစ်ကောင်စီတပ်မှ ၆ ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရခဲ့သည်။ ထို့အပြင် မတ္တရာမြို့နယ် ၊ ရှားစေးချက်ကြီး ကျေးရွာတွင် ဇွန်လ ၂၂ ရက်နေ့က သွေးသောက်အဖွဲ့ဝင် တစ်ဦးအား ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ ဇွန်လ ၂၃ ရက်နေ့က ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် အကွက်(၅၀၀)၊ ၁၀၅(A)လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြားနေ ရာအိမ်မှူးဦးမြတ်ထူး (အသက် ၅၆ နှစ်) နှင့် သားဖြစ်သူ ရဲမြင့်မိုရ်ထူး(အသက် ၂၁ နှစ်)တို့ အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ရာအိမ်မှူး သေဆုံးခဲ့သည်။

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ ရက်





# ကရင်ပြည်နယ်


ဇွန်လ ၂၁ ရက်နေ့က ကော့ကရိတ်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၈ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၂၃ ရက် နှင့် ၂၄ ရက်နေ့က ကော့ကရိတ်မြို့နယ်တွင် စစ်ကောင်စီတပ် လက်နက်ကြီးဖြင့် ပစ်ခတ်ခံရပြီး စစ်ကောင်စီတပ်သား ၈ ဦး သေဆုံးခဲ့သည်။

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ ရက်




# ပဲခူးတိုင်း


ဇွန်လ ၂၅ ရက်နေ့က ပေါင်းတည်မြို့နယ်၊ သစ်ပုတ်အုပ်စု လက်ပံခုံကျေးရွာ နှင့် မအူကွင်းကျေးရွာကြားမှာ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၂ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၂၂ ရက်နေ့က ပေါင်းတည်မြို့နယ်၊ သစ်ပုတ်ကျေးရွာအုပ်စု၊ လက်ပံခုန်ကျေးရွာ ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးစန္ဒာသီရိသည် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ ဇွန်လ ၂၆ ရက်နေ့က သဲကုန်းမြို့နယ်၊ ဆီမြီးဆွဲမြို့တွင် ဆင်မြီးဆွဲမြို့မရဲစခန်းမှ နယ်ထိန်းရဲအရာရှိ ကျော်ကျော်နှင့် အငြိမ်းစားရဲအရာရှိ ဦးစိုးသက်အောင်ဆိုသူတို့သည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ဦးစိုးသက်အောင်ဆိုသူ သေဆုံး၍ နယ်ထိန်းကျော်ကျော်ဆိုသူမှာ ဒဏ်ရာအပြင်းအထန်ရကာ ပြည်ဆေးရုံတွင် ကုသနေရသည်။ ဇွန်လ ၂၄ ရက်နေ့က ညောင်လေးပင်ခရိုင်ရှိ ကျောက်တံခါး မြို့နယ်တွင် စစ်ကောင်စီ၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် လက်နက်ကြီး ကျည်စထိမှန်ပြီး ဒေသခံ ၄ ဦး သေဆုံးခဲ့သည်။







## ရှမ်း (သျှမ်း) ပြည်နယ်

ဇွန်လ ၂၂ ရက်နေ့က မူဆယ်မြို့၊ ဟိုနားရပ်ကွက် မူလတန်းကျောင်းရှေ့၌ လုံခြုံရေးယူပေးနေသည့် စစ်ကောင်စီနှင့် ပြည်သူ့စစ်တပ်ဖွဲ့သည် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့၏ ပစ်ခတ်မှုကို ခံရပြီး ပြည်သူ့စစ် ၁ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၂၃ ရက်နေ့က လောက်ကိုင်မြို့ လူစည်ကားရာ နေရာတွင် စစ်ကောင်စီရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့ဝင်တို့အချင်းချင်း စကားများရာမှပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ပြည်သူ့စစ်အဖွဲ့ဝင် ၁ ဦး သေဆုံးခဲ့သည်။ ဇွန်လ ၂၁ ရက်နေ့က ကွတ်ခိုင်မြို့နယ်မှ (၃၈) မိုင်အကွာ မန်ပိန်းကျေးရွာ ဒေသခံအမျိုးသားတစ်ဦးသည် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) တပ်စခန်းအတွင်း၌ ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိကြောင်း သိရသည်။ ဇွန်လ ၂၁ ရက်နေ့က မူဆယ်မြို့မှာ အိမ်စီးကား ၁ စီးကို အမည်မသိလက်နက်ကိုင်တပ်ဖွဲ့မှ ပစ်ခတ်ရာ အမျိုးသား ၁ ဦး ပွဲချင်းပြီး သေဆုံးခဲ့သည်။ အလားတူ ဇွန်လ ၂၃ ရက်နေ့က မူဆယ်မြို့၊ ဟိုနားရပ်ကွက်၊ စက်မှုဇုန်လမ်းခွဲတွင် အိမ်စီးကား ၁ စီးကို စစ်ကောင်စီတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီးရာ အရပ်သား နှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးအပါအဝင် ၇ ဦး ပြင်းထန်ဒဏ်ရာ ရရှိခဲ့သည်။




စုစုပေါင်း
တိုက်ပွဲအရေအတွက်
၃ ရက်





## ကရင်နီ (ကယား) ပြည်နယ်

မယ်စဲ့နှင့် ဖားဆောင်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်နီအမျိုးသားကာကွယ်ရေးတပ်(KNDF) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၁၀ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဖရူဆိုနှင့် ဖားဆောင်းမြို့နယ်များတွင် စစ်ကောင်စီတပ်၏ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဒေသခံ ပြည်သူ ၅ ဦး သေဆုံးခဲ့သည်။


စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ရက်




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၀ - ၀

၀ - ၁




# တနင်္သာရီတိုင်း

ဇွန်လ ၂၁ ရက်နေ့က ပုလောမြို့နယ်မှာ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၁၀ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၂၂ ရက်နေ့က ကော့သောင်းမြို့နယ်၊ ရေခန်းချိုင် ရွာရှိ ကင်းစခန်းကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က သွားရောက် တိုက်ခိုက်ရာ ပျူစောထီးဆိုသူ သုံးဦး သေဆုံးခဲ့သည်။ ဇွန်လ ၂၅ ရက် နေ့က စစ်ကောင်စီတပ်၏ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပုလောမြို့နယ်၊ ကျောင်းနိမ့်ရွာမှ အသက် ၅၀ ဝန်းကျင်အရွယ် ကိုရဲဝင်း ဆိုသူ လက်နက်ကြီးကျည် ထိမှန်ပြီး သေဆုံးခဲ့သည်။


စုစုပေါင်း
တိုက်ပွဲအရေအတွက်
၃ ရက်




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၀ - ၀

၀ - ၃




# မွန်ပြည်နယ်

ဇွန်လ ၂၅ ရက်နေ့မှ ၂၇ရက်နေ့အထိ ရေးမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၂၉ ဦး သေဆုံးခဲ့သည်။ ဇွန်လ ၂၂ ရက်နေ့က ရေးမြို့ နယ်ရှိ ချောင်းတောင်တံတား စစ်ဆေးရေးဂိတ်အား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ သွားရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဂိတ်တွင်းရှိ စစ် သား ၄ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၂၂ ရက်နေ့က မုဒုံမြို့နယ်၊ ကမာဝက်မြို့ အထက်တန်းကျောင်းအရှေ့ ဗုံးပေါက်ကွဲမှု ကြောင့် စစ်ကောင်စီလက်အောက်ခံ ပြည်သူ့စစ်အဖွဲ့ဝင် ၁ ဦး သေဆုံးပြီး ၁ ဦး ဒဏ်ရာ ရရှိခဲ့သည်။ ဇွန်လ ၂၂ ရက်နေ့က ရေးမြို့နယ်၊ လမိုင်းမြို့၊ နာရီစင်အနီးတွင်လည်း မှတ်ပုံတင်ပွဲစားဖြစ်သူ မစန်းမြင့်ကြွယ်ဆိုသူ အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ အလားတူ ဇွန်လ ၂၂ရက်နေ့က ကျိုက်ထိုမြို့နယ် ကြံ့ခိုင်ရေးပါတီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရဲနိုင်ဆိုသူကို ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့က ပစ်ခတ်ရှင်းလင်းခဲ့သည်။ ဇွန်လ ၂၅ ရက်နေ့က ရေးမြို့နယ်၊ နစ်ကရင်ကျေးရွာတွင် စစ်ကောင်စီ၏ အမြောက် တပ်မှ လက်နက်ကြီးပစ်ခတ်ခြင်းနှင့်လေကြောင်းတိုက်ခိုက်မှုများကြောင့် အသက် ၁၈ နှစ်အရွယ် ဒေသခံအမျိုးသမီးတစ်ဦးသေဆုံးခဲ့သည်။

# ဧရာဝတီတိုင်း




ဇွန်လ ၂၁ ရက်နေ့က ရေကြည်မြို့နယ်၊ အသုတ်မြို့တွင် ဆိုင်ကယ်ခိုးမှု သံသယဖြင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် လူငယ် တစ်ဦး စစ်ကြောရေးတွင် သေဆုံးခဲ့သည်။




# ရန်ကုန်တိုင်း



ဇွန်လ ၂၃ ရက်နေ့က ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တွင် ဒဂုံဆိပ်ကမ်း မြို့နယ် စီမံအုပ်ချုပ်ရေးကော်မတီဝင် ဦးလှကြည်ဆိုသူကို ပြည်သူ့ကာ ကွယ်ရေးတပ်ဖွဲ့က ပစ်ခတ်ရှင်းလင်းခဲ့သည်။ ထို့အပြင် ဇွန်လ ၂၇ ရက် နေ့ကသာကေတမြို့နယ်၊ ရှုခင်းသာလမ်းမကြီး၊ ဓမ္မာရုံမှတ်တိုင်အနီးမှာ အမျိုးသား ၁ ဦးဒဏ်ရာများဖြင့်လဲကျသေဆုံးလျက်ရှိသည်ကိုတွေ့ရသည်။






မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) တို့ကို အမေရိကန်အစိုးရမှ ပိတ်ဆို့အရေးယူလိုက်ကြောင်း ဖွန်လ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဂျေဘလင်ကန်က ဖွန် ၂၁ ရက်တွင် ထုတ်ပြန်သော အဆိုပါကြေညာချက်တွင် စစ်ကောင်စီ၏ ကာကွယ်ရေးဝန်ကြီးဌာန၊ MFTB နှင့် MICB ဘဏ်တို့သည် စစ်အာဏာရှင်အဖွဲ့အစည်း၏ နိုင်ငံရေးနည်းလမ်းအရ သတ်မှတ်ထားသည့် အုပ်ချုပ်ရေးအပိုင်းအခြားများ၊ အေဂျင်စီများ (သို့မဟုတ်) စစ်အာဏာရှင်အဖွဲ့အစည်း၏ ထိန်းချုပ်မှုအောက်တွင်ရှိသည့်အတွက် သမ္မတ၏အမိန့်အမှတ် ၁၄၀၁၄ အရ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ယင်းနှင့်ပတ်သက်ပြီး မြန်မာ့တော်လှန်ရေးအင်အားစုများဖြစ်သည့် အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေး အင်အားစု (GSCB)၊ ကမ္ဘာလုံးဆိုင်ရာ မြန်မာ့နွေဦးတော်လှန်ရေး (GMSR) နှင့် သွေးစွန်းငွေ ဖြတ်တောက်ရေးလှုပ်ရှားမှု (BMC) တို့မှ စစ်ကောင်စီမှ ပြည်သူများအပေါ် ကျူးလွန်နေသည့် အကြမ်းဖက်မှုများကို သက်ဆိုးရှည်စေမည့် ငွေကြေးစီးဆင်းမှုအား ဖြတ်တောက်လိုက်ခြင်းဖြစ်သောကြောင့် ဖွန်လ ၂၁ ရက်တွင် ချက်ချင်း ထုတ်ပြန်ခဲ့ကြပါသည်။

> မြန်မာ့အိမ်နီးချင်း အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် စစ်အာဏာရှင်များကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် အရေးယူနိုင်ရေး ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း

မြန်မာစစ်အုပ်စုနှင့် ရုရှားအစိုးရတို့မှ ဦးဆောင်ကျင်းပရန် စီစဉ်နေသည့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ADMM PLUS စစ်ရေးလေ့ကျင့်မှုကို ချက်ချင်းဖျက်သိမ်းရန် အာဆီယံကာကွယ်ရေး ဝန်ကြီးများ အစည်းအဝေး (ADMM)သို့ Justice For Myanmar (JFM) မှ တောင်းဆိုထားပါသည်။

မြန်မာ့အိမ်နီးချင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စစ်အာဏာရှင်များကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် အရေးယူနိုင်ရေးဆောင်ရွက်ရန်လိုအပ်နေပြီ ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများကို ဖြေရှင်းရေးတွင်လည်း အာဆီယံအဖွဲ့ဝင်များသည် ရှေ့ဆက်ရန် ခက်ခဲနေကြောင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်တွမ်အင်ဒရူး (Tom Andrews) က ဖွန်လ ၂၁ ရက်တွင် ပြောထားပါသည်။

ထို့ပြင် အာဆီယံခေါင်းဆောင်များနှင့် သဘောတူညီခဲ့သည့်အချက် ၅ ချက်ကိုလည်း မြန်မာစစ်ခေါင်းဆောင်အနေဖြင့် လိုက်နာကျင့်သုံးခြင်းမရှိခြင်းကြောင့် အာဆီယံနိုင်ငံများအနေဖြင့် မြန်မာစစ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးစရာ အကြောင်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ဘဏ္ဍာရေးစောင့်ကြည့်အဖွဲ့ (FATF) ၏ အမည်ပျက်စာရင်း (black list) တွင် မြန်မာနိုင်ငံသည် မြောက်ကိုရီးယား၊ အီရန်တို့နှင့်အတူဆက်လက်ပါဝင်နေဆဲဖြစ်ကြောင်း ဖွန်လ ၂၃ ရက် ထုတ်ပြန်ချက်တွင်ဖော်ပြထားပါသည်။ ပါရီတွင် အခြေစိုက်သည့် အဖွဲ့ဝင် ၃၉ ဦးပါ FATF အဖွဲ့တွင် အနီးကပ် စောင့်ကြည့်ရန်လိုသည့် စောင့်ကြည့်နိုင်ငံများစာရင်းနှင့် မြင့်မားသော အန္တရာယ်ရှိသည်ဟု သတ်မှတ်ခံရသည့် အမည်ပျက်စာရင်း တို့ ပါဝင်ပါသည်။

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

Weekly News Review